政府統計

# ၂၀၂၀ ခုနှစ်သန်းခေါင်စာရင်းစစ်တမ်း
# စစ်တမ်းလွှာဖြည့်စွက်နည်း

အထွေထွေရေးရာဝန်ကြီးရုံး စာရင်းအင်းဌာန

**သန်းခေါင်စာရင်းကောက်ယူခြင်း၏ရည်ရွယ်ချက်နှင့်စစ်တမ်းလွှာဖြည့်နည်းအသေးစိတ်ကို ရှင်းပြထားသည့်အတွက် 『ဘာသာပြန်ထားသည့်စစ်တမ်း』 နှင့်ဤ 『စစ်တမ်းလွှာဖြည့်နည်း』 ၏စာမျက်နှာ(၂)မှ(၈)ကိုကြည့်လျက် ဂျပန်ဘာသာစစ်တမ်းလွှာတွင်ဖြည့်စွက်ပါ။ ရေးသားဖြေဆိုထားသောစစ်တမ်းအဖြေလွှာအား ကိန်းဂဏန်းစာရင်းအင်း အချက်အလက်ပြုစုရန်အတွက်သာ အသုံးပြုမည်ဖြစ်ပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ရဲဌာန၏ စစ်ဆေးမေးမြန်းမှုစသည့် အခြားသောရည်ရွယ်ချက်များအတွက် အသုံးပြုမည် မဟုတ်ပါ။**

➢ **調査員の方は，世帯の人から『外国語連絡票』の H で示された調査票の提出方法と回収日時の同じ部分にチェック（☑）を付けてから，この『調査票の記入のしかたの対訳』を世帯の人に渡してください。**

**စစ်တမ်းလွှာ တင်နည်းနှင့် ကောက်ခံမည့်နေ့ရက်၊အချိန်နှင့်စပ်လျဉ်း၍**

□ စစ်တမ်းကောက်ခံသူသို့တင်ခြင်း（調査員に提出）…世帯が『外国語連絡票』の H で 6 を示した場合
ဖြည့်စွက်ထားသည့်စစ်တမ်းလွှာသည် အောက်တွင်ဖော်ပြထားသည့်နေ့ရက်အချိန်တွင်လာရောက်သိမ်းယူပါမည်။

□၁၀လ ၁ရက်（ကြာသပတေး）　□၂ ရက်（သောကြာ）　□၃ ရက်（စနေ）　□၄ ရက်（တနင်္ဂနွေ）　□၅ ရက်（တနင်္လာ）　□၆ ရက်（အင်္ဂါ）　□၇ ရက်（ဗုဒ္ဓဟူး）

□နံနက်၈～၁၀နာရီ　□၁၀～၁၂နာရီ　□ညနေ၀～၂နာရီ　□၂～၄နာရီ　□၄～၆နာရီ　□၆～၈နာရီ

□ စာတိုက်မှတင်ခြင်း（郵送で提出）… 世帯が『外国語連絡票』の H で 7 を示した場合
ဂျပန်ဘာသာစစ်တမ်းလွှာကို၃ချိုးခေါက်၍စာအိတ်တွင်ထည့်ပြီး၊ တံဆိပ်ခေါင်းမကပ်ဘဲနှင့် ၁၀လပိုင်း၇ရက် (ဗုဒ္ဓဟူး) နေ့ထိ အနီးအနားရှိစာတိုက်ပုံးတွင်ထည့်ပါ။ သတ်မှတ်ထားသည့်နေ့ရက်တွင်စစ်တမ်းလွှာကိုမတင်နိုင်လျှင် နောက်တနေ့ ထပ်မံလာရောက် လက်ခံယူပါမည်။

## သန်းခေါင်စာရင်းစစ်တမ်းနှင့်ပတ်သက်၍

၂၀၂၀နှစ် ၁၀လ ၁ရက်နေ့တွင် တစ်နိုင်ငံလုံးတပြိုင်နက်သန်းခေါင်စာရင်းကောက်ယူမည်။

သန်းခေါင်စာရင်းသည် စာရင်းအင်းဥပဒေကိုအခြေခံ၍ အစိုးရကပြုလုပ်သောနိုင်ငံတော်၏အရေးပါသောစစ်တမ်းဖြစ်ပြီး နိုင်ငံသားနှင့်မဆိုင်ဘဲ ဂျပန်နိုင်ငံတွင် နေထိုင်သူအားလုံး အကျုံးဝင်သည်။

ဤစာရင်းအင်းဥပဒေတွင် စစ်တမ်းလွှာတွင်ဖြည့်စွက်၍တင်ရမည့်တာဝန်ကိုသတ်မှတ်ထားပါသည်။ တဖန်စစ်တမ်းကောက်ယူသူမှစ၍သန်းခေါင်စာရင်းကောက်ခံခြင်းပြုသူအားလုံးတွင် သတင်းမပေါက်ကြားရန် ထိန်းသိမ်းရမည့်တာဝန်ရှိသည်။ ဖြည့်စွက်ထားသည့် စစ်တမ်းလွှာသည် အပြင်သို့မပေါက်ကြားရန်သေချာစွာ ထိန်းသိမ်း၍၊ စာရင်းအင်းပြုလုပ်ပြီးနောက်တွင်လုံးဝဖျောက်ဖျက်ပစ်မည်။ သန်းခေါင်စာရင်း၏ရလဒ်သည် နိုင်ငံခြားသားများအတွက်လည်း မြို့တည်ထောင်ရေးစသည့်ပေါ်လစီများ၏ အခြေခံအချက်အလက်အနေနှင့်အသုံးပြုလျှက်ရှိပါသည်။

**A**

## စစ်တမ်းလွှာသည် အိမ်ထောင်စုအလိုက်ဖြည့်စွက်ရမည်။

- ◆ **သာမန်အိမ်ထောင်စုကဲ့သို့နေထိုင်စားသောက်မှုအတူတူပြုသောလူဦးရေစုကို အိမ်ထောင်စုတစ်ခုဟုသတ်မှတ်သည်။**
- ◆ **တစ်ဦးတည်းနှင့်အိမ်တစ်လုံးတွင်နေထိုင်သူသည်တစ်ဦးတည်းနှင့်အိမ်ထောင်စုတစ်ခုဖြစ်သည်။**

● အောက်တွင်ဖော်ပြထားသောသူများသည် ထိုအချက်နှင့်လိုက်၍ အိမ်ထောင်စုများကိုသတ်မှတ်သည်။

○ အခန်းငှား၊ အိမ်ငှားနှင့်ငှားရမ်းတည်းခိုနေထိုင်သူများ (အခန်းအတူနေခြင်းလည်း ပါဝင်သည်။) ……တစ်ကိုယ်ရေသမားသည် တစ်ဦးတည်းကိုအိမ်ထောင်စုတစ်ခုဟုသတ်မှတ်သည်။
ညီအကိုမောင်နှမများနှင့်မိသားစုများက အတူတကွနေထိုင်နေလျှင် မိသားစုတစ်ခုကို တစ်အိမ်ထောင်အဖြစ်သတ်မှတ်သည်။

○ အတူနေထိုင်၍အလုပ်လုပ်သူတကိုယ်ရေသမား…………အလုပ်ရှင်ဧ်၏အိမ်တွင်နေထိုင်နေလျှင် အလုပ်ရှင်ဧ်၏အိမ်ထောင်စုအဖြစ် သတ်မှတ်သည်။
အလုပ်ရှင်နှင့်အဆောက်အအုံတခုတည်းတွင်နေထိုင်ခြင်းမရှိပါ ကအလုပ်ရှင်နှင့် အတူတူမဖြည့်ဘဲ၊ တစ်ဦးတည်းကိုအိမ်ထောင်စု တစ်ခုအဖြစ်သတ်မှတ်သည်။

○ ကုမ္ပဏီနှင့်ဝန်ထမ်းများဧ်၏လူလွတ်အဆောင်၊ အဆောင်တွင်နေထိုင်သူ …တစ်ဦးတည်းကို အိမ်ထောင်စုတစ်ခုဟုသတ်မှတ်သည်။

## စစ်တမ်းလွှာဖြည့်နည်းနှင့်ပတ်သက်၍

- စစ်တမ်းလွှာသည် ခဲတံအနက်ရောင် သို့မဟုတ် ခဲသားဘောလ်ပင်ဖြင့်ဖြည့်စွက်ပါ။
- ဘဲဥပုံအမှတ်အတွင်း「⬭」ကို「⬬」ကဲ့သို့ခြယ်၍ဖြည့်စွက်ပါ။
- **ဂဏန်းကိုအကွက်မှကျော်မထွက်စေဘဲ ညာဘက်မှ**စတင်၍ဖြည့်စွက်ပါ။




## စစ်တမ်းလွှာ စာမျက်နှာ ၁ ဧ်၏ဖြည့်နည်း

### အိမ်ထောင်စုနှင့်ပတ်သက်၍

**1 အိမ်ထောင်စုဝင်ဦးရေ**

အိမ်ထောင်စုဦးရေသည် ၅ ယောက်နှင့်အထက်ဖြစ်လျှင် စစ်တမ်းလွှာဧ်၏ပထမစာမျက်နှာတွင် အိမ်ထောင်စုဝင်အားလုံးဧ်၏အရေအတွက်ကိုရေးပါ။

**2 နေအိမ်အမျိုးအစား**

**ကိုယ်ပိုင်အိမ်** ……………… ကိုယ်ပိုင်အိမ်။ မှတ်ပုံမတင်ရသေးသော၊ အရစ်ကျစနစ်ဖြင့်ဝယ်ယူပြီးအရစ်ကျစနစ်ဖြင့်ငွေပေးသွင်းဆဲအိမ်များလည်း အကျုံးဝင်သည်။

**မြို့ပြန်လည်ထူထောင်သည့်အဖွဲ့အစည်း၊ အစိုးရအဖွဲ့အစည်းများဧ်၏ အငှားအိမ်ယာ** …………… မြို့ပြန်လည်ထူထောင်သည့်အဖွဲ့အစည်းသို့မဟုတ် တိုဒိုးဖုခရိုင်၊ မြို့ရပ်ကွက်မြို့နယ်ရွာဧ်၏အိမ်ယာထောက်ပံ့ပေးထားသော အစိုးရအဖွဲ့အစည်း၊ အိမ်ယာအဖွဲ့အစည်း၊ တိုးတက်ဖွံ့ဖြိုးရေးအစိုးရ အဖွဲ့အစည်းများဧ်၏ အငှားအိမ်ယာသို့သော်လည်း 「ကုမ္ပဏီ၊ အစိုးရဝန်ထမ်းအိမ်ယာ」 မပါဝင်ပါ။

**ကုမ္ပဏီ၊**
**အစိုးရဝန်ထမ်းအိမ်ယာ** …… တာဝန်ထမ်းဆောင်နေသော ကုမ္ပဏီ၊ အစိုးရအဖွဲ့အစည်း၊ အလုပ်ရှင်မှ ပိုင်ဆိုင်သော သို့မဟုတ် ငှားရမ်းထားသောအိမ်ယာတွင်နေထိုင်နေလျှင်

**အခန်းငှား** ………………… အခြားအိမ်ထောင်စုနေထိုင်သည့်အိမ်ယာတွင်အခန်းငှား၍ နေထိုင်သူ သို့သော်လည်း ထိုငှားရမ်းနေထိုင်သည့်အခန်းသည်အောက်တွင်ဖော်ပြထားသည့်နံပါတ် ① နှင့် ② နှစ်ခုလုံးနှင့်အကျုံးဝင်နေလျှင် 「ပြည်သူပိုင်အငှားအိမ်ယာ」ဟုသတ်မှတ်မည်။

**ကုမ္ပဏီစသည်တို့၏**
**လူလွတ်အဆောင်၊ အဆောင်** …ကုမ္ပဏီ၊ အစိုးရ၊ အဖွဲ့အစည်းများမှ လူလွတ်ဝန်ထမ်း၊ အလုပ်သမားများအတွက်ပိုင်ဆိုင်သော သို့မဟုတ် ငှားထားသည့် အိမ်ယာ အဆောက်အအုံ သို့သော်လည်း ထိုနေထိုင်သည့် အခန်းသည် အောက်တွင်ဖော်ပြထားသည့်နံပါတ် ① နှင့် ② နှစ်ခုလုံး နှင့်အကျုံးဝင်နေလျှင် 「ကုမ္ပဏီ၊ အစိုးရဝန်ထမ်းအိမ်ယာ」ဟုသတ်မှတ်မည်။

① အခြားအိမ်ထောင်စု၏နေထိုင်သည့်အခန်းနှင့်လုံးဝပိုင်းခြားထားရန်
② သင်၏အိမ်ထောင်စုတစ်ခုတည်း၏ဝင်ပေါက်၊ မီးဖိုချောင်၊ အိမ်သာရှိရန်
（အခြားအိမ်ထောင်စုနှင့်အတူတကွအသုံးပြုလျှင်လည်း၊ ထိုအိမ်ထောင်စု၏နေထိုင်သည့်အခန်းကို မဖြတ်သန်းဘဲ အချိန်မရွေးသုံးချနိုင်ရန်）

**အိမ်ထောင်စုဝင်အားလုံးနှင့်ပတ်သက်၍**
**3 အမည်နှင့်လိင်**

- ၂၀၂၀ခုနှစ် အောက်တိုဘာလ ၁ရက်နေ့ မနက် ဝနာရီမတိုင်ခင်တွင် မွေးဖွားပြီးခါစကလေးရှိ၍ **အမည်မပေးရသေးလျှင်** [(အမည်)] ၏နေရာထဲတွင် "အမည်မပေးရသေး"ဟုရေးကာ ကျေးဇူးပြု၍ ကျား/မနေရာတွင်၍ ရွေးချယ်ခြစ်ပါ။

**အမြဲနေထိုင်သူ**ဆိုသည်မှာ နိုင်ငံခြားသားမှတ်ပုံတင်ထားခြင်းနှင့်မဆိုင်ဘဲ **၁၀လ ၁ရက်လက်ရှိ**တွင် သင့်အိမ်ထောင်စု တွင်ရှိသောအောက်တွင်ဖော်ပြထားသူကိုဆိုလိုသည်။

- ◆ **၃လနှင့်အထက်နေထိုင်သူ**
- ◆ **၃လမပြည့်သေးသော်လည်း၊ လွန်ခဲ့သည့်၃လကျော်မှနေထိုင်သည့်စာရင်းဝင်နေသူ**

- မိသားစုမဟုတ်သောသူလည်း သင်၏အိမ်ထောင်စုတွင် ၃လကျော်နေထိုင်နေသလား၊ နေထိုင်သူရှိလျှင် ထိုသူနှင့်ပတ်သက်၍လည်းဖြည့်ပါ။

- အောက်တွင်ဖော်ပြထားသောသူများသည် အသီးသီးဖော်ပြထားသောနေရာတွင် စစ်တမ်းဖြေဆိုရမည်။
  - ➢ မိသားစုထဲတွင်အောက်တွင်ဖော်ပြထားသောသူများရှိလျှင်ဖြည့်စဉ်တွင်သတိထားပါ။

○ ခရီးသွားခြင်း၊ အဝေးတွင်အလုပ်လုပ်နေခြင်း၊ အလုပ်ဖြင့်ခရီးသွားနေခြင်းကြောင့် ယာယီအချိန်အတွင်း နေထိုင်မှုမရှိသူ

…… အိမ်တွင်မနေသောအချိန်အတိုင်းအတာသည် ၃ လမပြည့်တပြည့်ဖြစ်လျှင်အိမ်တွင်စစ်တမ်းကောက်ယူမည်။

……အိမ်တွင်မနေသောအချိန်အတိုင်းအတာသည် ၃ လကျော်လျှင် ခရီးသွားခြင်း၊ အဝေးတွင်အလုပ်လုပ်နေခြင်း၊ ခရီးသွားသည့်နေရာနှင့် အလုပ်လုပ်ဆောင်သည့်နေရာတွင်စစ်တမ်းကောက်ယူမည်။

○ ကျောင်း၏အဆောင်၊ အဆောင်၊ အပြင်ဆောင်များမှကျောင်းတက်နေသူကျောင်းသားကျောင်းသူ
……ထိုကျောင်းအဆောင်၊ အဆောင်၊ အပြင်ဆောင်တွင်စစ်တမ်းကောက်ယူမည်။

○ ဆေးရုံ၊ ကျန်းမာရေးဌာနများတွင်ဆေးရုံတက်နေသူ
……ဆေးရုံတက်၍၃လမပြည့်သေးသူသည်အိမ်တွင်စစ်တမ်းကောက်ယူမည်။
……ဆေးရုံတက်၍၃လကျော်သူအားဆေးရုံတွင်စစ်တမ်းကောက်ယူမည်။

○ သင်္ဘောတက်နေသူ ……အိမ်တွင်စစ်တမ်းကောက်ယူမည်။

○ ထောင်၊ အချုပ်ကျနေသူများထဲတွင် အပြစ်ဒဏ်သတ်မှတ်ပြီးသူ

○ ကလေးထောင်၊ အမျိုးသမီးထိန်းသိမ်းရေးစခန်းတွင်ကျနေသည့်သူများ
……ထိန်းသိမ်းခံအချုပ်ကျနေသည့်နေရာတွင်စစ်တမ်းကောက်ယူမည်။

○ ၃လကျော်နေထိုင်နေသည့်နေရာမရှိသူ၊ နေထိုင်ရန်အစီအစဉ်လည်းမရှိသူ
……ယခုလက်ရှိ ရှိနေသည့်နေရာတွင်စစ်တမ်းကောက်ယူမည်။

○ ၂နေရာတွင်အိမ်ရှိသူ
……ပို၍အနေများသောလိပ်စာတွင်စစ်တမ်းကောက်ယူမည်။

## 4 အိမ်ထောင်ဦးစီးနှင့်တော်စပ်ပုံ

အိမ်ထောင်စုဝင်ထဲမှတစ်ဦးကို 「အိမ်ထောင်ဦးစီး(သို့)အိမ်ထောင်စုကိုယ်စားပြု」 ဟုသတ်မှတ်သည်။

အခြားအိမ်ထောင်စုဝင်သည် 「အိမ်ထောင်ဦးစီး(သို့)အိမ်ထောင်စုကိုယ်စားပြု」 ဟုသတ်မှတ်ထားသည့်သူမှ ကြည့်၍ မည်သို့တော်စပ်သည်ကိုဖြည့်စွက်ပါ။

**အခြားဆွေမျိုးသားချင်း** ……ဘေး၊ ဘေးမ၊ မြစ်၊ မြစ်မ၊ ဦးလေး၊ အဒေါ်၊ တူ၊ တူမ၊ မော်နှမဝမ်းကွဲများ၊ ဆွေမျိုးသားချင်း၏ကလေးများ(၎င်းတို့၏ဇနီးနှင့်ခင်ပွန်းများပါဝင်သည်။) စသဖြင့်

**အခြား** ………သူငယ်ချင်းများ၏သားသမီးများကိုလက်ခံထားလျှင် ဆွေမျိုးသားချင်းမဟုတ်သည့်အတူနေသူများ (အတူနေထိုင်သူအလုပ်သမားများမပါ။)

## 7 နိုင်ငံသား

နိုင်ငံ ၂ ခုနှင့်အထက်နိုင်ငံသားအဖြစ်ခံယူထားသောသူတွင်ဂျပန်နိုင်ငံသားပါရှိလျှင် 「ဂျပန်」 ဟုဖြည့်စွက်ပါ။ ဂျပန်နိုင်ငံသားခံယူထားခြင်းမရှိပါကခံယူထားသောနိုင်ငံသား တစ်ခုခုကို (နိုင်ငံ) ______ ဤလေးထောင့်ကွက်တွင်ဖြည့်စွက်ပါ။

## 8 ယခုလက်ရှိနေရာတွင်နေထိုင်နေသောအချိန်ကာလ

ယခုလက်ရှိနေရာတွင်စတင်နေထိုင်သည့်အချိန်မှစ၍ အလုပ်ဌာနပြောင်းရွှေ့ခြင်း၊ တစ်ဦးတည်းအလုပ်တာဝန်ဖြင့်ပြောင်းရွှေ့နေထိုင်သူ၊ ခရီးသွားခြင်း၊ အဝေးတွင်အလုပ်လုပ်နေသူများအတွက် ၃လကျော်အိမ်တွင် နေထိုင်ခြင်းမရှိလျှင် အိမ်သို့ပြန်ရောက်လာသည့်နောက် ဤနေရာသို့ပြန်လည်ရောက်ရှိလာသည့် အချိန်အတိုင်းအတာနှင့်ပတ်သက်၍ဖြည့်စွက်ပါ။

## ၉ လွန်ခဲ့သည့် ၅ နှစ်(၂၀၁၅နှစ်၁၀လ၁ရက်)နေ့တွင်မည်သည့်နေရာတွင်နေထိုင်ခဲ့ပါသနည်း၊

လွန်ခဲ့သည့် ၅ နှစ်(၂၀၁၅နှစ်၁၀လ၁ရက်)နေ့တွင်နေထိုင်ခဲ့သည့်လိပ်စာကိုဖြည့်စွက်ပါ။

➢ ၂၀၂၀နှစ်၁၀လ၁ရက်နေ့တွင်ဆေးရုံတွင်ရှိနေသော မွေးကင်းစကလေးငယ်နှင့်ပတ်သက်၍ ဆေးရုံဆင်းပြီးသည့်နောက် နေထိုင်မည့်လိပ်စာကိုဖြည့်စွက်ပါ။

➢ တိုကျိုမြို့ရပ်ကွက်အပိုင်းဆိုသည်မှာ အောက်တွင်ဖော်ပြထားသည့် ရပ်ကွက် ၂၃ ခုကိုဆိုလိုသည်။

( ချိယောဒရပ်ကွက်၊ ချူးအိုးရပ်ကွက် ၊မိနတိုရပ်ကွက်၊ ရှင်းဂျုကုရပ်ကွက်၊ ဘွန်းကျောကုရပ်ကွက်၊ ဒိုင်းတိုးရပ်ကွက်၊ စုမိတရပ်ကွက်၊ ကိုးတိုး ရပ်ကွက်၊ ရှိနဂဝရပ်ကွက်၊ မဲဂုရိုး ရပ်ကွက်၊ အိုးအိုးတရပ်ကွက်၊ ဆေတဂယရပ်ကွက်၊ ရှိဘူယ ရပ်ကွက်၊ နကနိုရပ်ကွက်၊စုဂိနမိရပ်ကွက်၊ တိုရှိမရပ်ကွက်၊ ကိတရပ်ကွက်၊ အရဂဝရပ်ကွက်၊ အိတဘရှိရပ်ကွက်၊ နဲရိမရပ်ကွက်၊ အဒချိရပ်ကွက်၊ ကဆုရှိကရပ်ကွက်၊ အဲဒိုးဂဝရပ်ကွက်၊ )

**စစ်တမ်းလွှာ စာမျက်နှာ ၂ တွင်ဖြည့်စွက်နည်း**

### အိမ်ထောင်စုဝင်အားလုံးနှင့်ပတ်သက်၍

11 ၉လ၂၄ရက် မှ ၃၀ရက် အထိအတွင်း တစ်ပတ်ကြာအလုပ်လုပ်ခဲ့ပါသလား၊

၉လ၂၄ရက် မှ ၃၀ရက် အထိ တစ်ပတ်အတွင်း ဝင်ငွေရရှိသောအလုပ်ကိုအနည်းငယ်ဖြစ်စေလုပ်ခဲ့သူသည် အထက်တွင်ဖော်ပြထားသောအပိုင်း၊ ဝင်ငွေရရှိသောအလုပ်ကိုအနည်းငယ်ဖြစ်စေမလုပ်ခဲ့သူသည် အောက်တွင်ဖော်ပြထားသောအပိုင်းများအနက် ကိုက်ညီသောနေရာတွင် တစ်ခုတည်းသာ ဖြည့်စွက်ပါ။

「နည်းပညာအလုပ်သင်」နေထိုင်ခွင့်ဗီဇာကိုရရှိထားသူများထဲမှ သင်တန်းကာလအချိန်တွင်ရှိနေသူသည် 「ကျောင်းတက်နေခြင်း」 တွင်ဖြည့်စွက်ပါ။

**အိမ်အလုပ်နှင့်အခြားအလုပ်** …အဓိကအနေနှင့်အိမ်အလုပ်လုပ်သော်လည်း ဥပမာ အခြားအချိန်ပိုင်း အလုပ်လုပ်ခြင်း၊ မိသားစုစီးပွားရေးလုပ်ငန်းကိုကူညီခြင်း၊ လက်ခစားလုပ်ငန်း စသည်ဖြင့် ဝင်ငွေရသောအလုပ်ကို အနည်းငယ်ပဲဖြစ်ဖြစ်လုပ်နေလျှင်

**အလုပ်နားနေခဲ့လျှင်** …………**အလုပ်နေသောသူသည်** နာမကျန်းမှုနှင့်အပန်းဖြေမှုအတွက် အလုပ်နားနေသော်လည်း လခကိုလက်ခံယူမည့်အခြေအနေဖြစ်နေလျှင် အလုပ်သမားများအတွက်အာမခံဥပဒေ အရကလေးမွေးရန်နှင့် ပြုစုပျိုးထောင်ရန်အတွက် အလုပ်အနားယူနေစဉ်တွင်နှင့် မိသားစု ဝင်တစ်ယောက်ယောက်ကိုပြုစုစောင့်ရှောက်ရန် အလုပ်နားနေသော်လည်း ထောက်ပံ့ငွေရယူရန်ရှိနေလျှင်။
**အလုပ်နေသောသူသည်**နာမကျန်းမှုနှင့်အပန်းဖြေမှုအတွက် အလုပ်နားသည့်အချိန်မှ စ၍ရက် ၃၀ မပြည့်သေးလျှင်။

**အလုပ်ရှာနေခဲ့လျှင်** ………… အလုပ်မရှိသောကြောင့် ဟလို ဝပ် (အများပြည်သူ အလုပ်ရှာဖွေပေးသောဌာန)တွင်လျှောက်ထားခြင်း၊ သတင်းစာများမှအလုပ်ခေါ်ကြော်ငြာကိုကြည့်၍လျှောက်ထားခြင်း နှင့် အခြား သူများအားအလုပ်ကို မိတ်ဆက်ပေးရန် တောင်းဆိုထားခြင်း စသည်ဖြင့်အားကြိုး မာန်တက် အလုပ်ကိုရှာနေလျှင်။
သို့သော်လည်း အလုပ်ရှိခဲ့လျှင်ထိုအလုပ်တွင်ချက်ခြင်း လုပ်နိုင်မည့် အခြေအနေဖြစ်ရမည်။

**ကျောင်းတက်နေလျှင်** ………ဂျပန်စာသင်တန်း၊ ဟင်းချက်နည်းသင်တန်းများတွင် ၁ပတ် ၂ကြိမ်ခန့်တက်ရောက်နေခြင်းသည်အကျုံးမဝင်ပါ။

➢ မူကြို၊ နေ့ကလေးထိန်းကျောင်း (သို့မဟုတ်) မူကြိုနှင့်နေ့ကလေးထိန်းကျောင်းပုံစံအသိအမှတ်ပြုနေရာ တွင်လည်း မူကြိုတက်နေလျှင် “အခြား”ဟု မှတ်ယူရပါမယ်။

## အလုပ်လုပ်နေသည့်သူ၊ကျောင်းတက်နေသည့်သူနှင့်ပတ်သက်၍

### 12 အလုပ်လုပ်နေသည့်နေရာသို့မဟုတ်ကျောင်းတက်နေသည့်နေရာ

- အလုပ်တဖက်နှင့် ကျောင်းတက်နေသူသည် အလုပ်ကိုလုပ်နေသည့်နေရာနှင့်ပတ်သက်၍ဖြည့်စွက်ပါ။
  - ➢ တိုကျိုမြို့ရပ်ကွက်အပိုင်းနှင့်ပတ်သက်၍ စာမျက်နှာ၄၏ 「9 လွန်ခဲ့သည့် ၅နှစ်(၂၀၁၅နှစ်၁၀လ၁ရက်)တွင် မည်သည့်နေရာတွင် နေထိုင်ခဲ့သနည်း」 ၏ရှင်းလင်းချက်ကိုကြည့်ပါ။

- အောက်တွင်ဖော်ပြထားသောသူသည် ထိုနေရာများကို အလုပ်လုပ်နေသည့်နေရာဟုသတ်မှတ်သည်။
  - ○ မိမိပိုင်လယ်ယာ၊ သစ်တောနှင့်ငါးဖမ်းသင်္ဘောဖြင့်အလုပ်လုပ်နေသူ ·············· မိမိ၏နေအိမ်
  - ○ ကိုယ်ပိုင်လုပ်ငန်းအဖြစ်လက်သမားလုပ်သူ၊ လမ်းလျှောက်ဈေးရောင်းသူ ········· မိမိ၏နေအိမ်
  - ○ အလုပ်ခန့်ထားခြင်းခံရ၍အပြင်တွင်အလုပ်လုပ်နေသူ ··············· အလုပ်လုပ်နေသည့် နေရာ၏ အရောင်းဌာနရှိသည့်နေရာမြို့ရပ်ကွက်မြို့နယ်ရွာ(နယ်လှည့်အရောင်းဝန်ထမ်း၊ ကားမောင်းသမားစသည်ဖြင့်)
  - ○ သင်္ဘောတက်နေသူ ······ ထိုသင်္ဘောသည်အဓိကဆိုက်ကပ်နေသည့်ဆိပ်ကမ်းရှိသည့် မြို့ရပ်ကွက်မြို့နယ်ရွာ

### 13 လုပ်ငန်းခွင်တည်နေရာနှင့်ကျောင်း၏တည်နေရာသို့အသုံးပြုသောလမ်းပန်းဆက်သွယ်ရေးယန္တရား

- အသုံးပြုသောလမ်းပန်းဆက်သွယ်ရေးယန္တရားသည် နေ့နှင့်လိုက်၍ပြောင်းလဲလျှင် အဓိက အသုံးပြုသော လမ်းပန်းဆက်သွယ်ရေးယန္တရားကိုဖြည့်စွက်ပါ။
- အသုံးပြုသည့်လမ်းပန်းဆက်သွယ်ရေးစနစ်သည် 「အသွား」 နှင့် 「အပြန်」 တွင် မတူလျှင် 「အသွား」 နှင့် ပတ်သက်၍ဖြည့်စွက်ပါ။

## အလုပ်လုပ်နေသူနှင့်ပတ်သက်၍

### 14 အလုပ်ခန့်ထားခြင်းခံရသူလား ကိုယ်ပိုင်စီးပွားရေးလား

**အလုပ်ခန့်ထားခြင်းခံရသူ** ···ကုမ္ပဏီ၊ အဖွဲ့အစည်း၊ အစိုးရ၊ ကိုယ်ပိုင်ဆိုင်စသည်တို့တွင်ခန့်ထားခြင်းခံရသူ ကို ဆိုလိုသည်။

**ကုမ္ပဏီစေလွှတ်ဝန်ထမ်း** ···စေလွှတ်ဝန်ထမ်းဟူသည် "နေ့တစ်ပိုင်းအလုပ်လုပ်သူ၊ အချိန်ပိုင်း အလုပ်လုပ်သူ" စသဖြင့်ခေါ်ဆိုလျှင်လည်း "စေလွှတ်ဝန်ထမ်း"ဟု မှတ်ယူရပါမည်။

**ကုမ္ပဏီ၏အမှုဆောင်လူကြီး** ···ကုမ္ပဏီပိုင်ရှင်၊ ကြီးကြပ်ကွပ်ကဲသူ၊ စာရင်းစစ်၊ အဖွဲ့အစည်းနှင့်ပရဟိတအဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့၏ကြီးကြပ်ကွပ်ကဲသူနှင့်ကြီးကြပ်ရေးမှူးများစသည့် အမှုဆောင်များ၊

- ➢ ဌာနမှူး၊ အဖွဲ့မှူးစသည်ဖြင့် စီမံခန့်ခွဲသူနှင့်ဆောင်ရွက်သူအမှုဆောင်များ သည် ဒါရိုက်တာနှင့် ကြီးကြပ်ကွပ်ကဲသူ မဟုတ်လျှင်「ခန့်ထားခြင်းခံရသူ」 ဟုသတ်မှတ်သည်။

**ကိုယ်ပိုင်စီးပွားရေးလုပ်ငန်း** ······ဝန်ထမ်းများကိုခန့်ထားလျှင် 「ဝန်ထမ်းရှိသည်」 ဟုသတ်မှတ်သည်။ ဝန်ထမ်းများကိုခန့်ထားခြင်းမရှိလျှင် 「ဝန်ထမ်းမရှိ」 ဟုသတ်မှတ်သည်။

- ➢ အရောင်းဆိုင်များကိုပိုင်ဆိုင်သောသူများသည် ထိုအရောင်းဆိုင်သည် ကုမ္ပဏီ အဖွဲ့အစည်း (အစုရှယ်ယာ (အကန့်အသတ်ရှိများအပါအဝင်) အရင်းစပ်၊ အမည်စပ်၊ ဖက်စပ်ကုမ္ပဏီ) ဖြစ်လျှင် 「ကုမ္ပဏီများ၏ အမှုဆောင်」 ဟုသတ်မှတ်သည်။

**မိသားစုဝန်ထမ်း** ·········လယ်ယာနှင့်ကိုယ်ပိုင်ဆိုင်များတွင်လယ်လုပ်ငန်းနှင့်ဆိုင်လုပ်ငန်းများကို ကူညီနေသောမိသားစု။

**အရံအလုပ်** ······လိုအပ်သည့်ပစ္စည်းကိုလက်ခံယူ၍ နေရာကြီးကြီးမားမားမလိုအပ်သော အလုပ်ကို အိမ်တွင်တယောက်တည်းလုပ်ဆောင်လျှင်

### 15 ကုမ္ပဏီအမည်

- မိမိကိုယ်တိုင်အလုပ်လုပ်နေသည့်နေရာ (ပင်မကုမ္ပဏီ၊ ဆိုင်ခွဲ၊ အရောင်းဌာန၊ စက်ရုံ၊ အရောင်းဆိုင်စသည်)

တို့၏အမည်ကိုဖြည့်စွက်ပါ။

○ **ဆိုင်ခွဲ၊ အရောင်းဌာနများတွင် အလုပ်လုပ်နေသူ**သည် ကုမ္ပဏီအမည်တခုတည်းမဟုတ်ဘဲ လုပ်နေသည့်ဆိုင်၊ အရောင်းဌာန၏အမည်ကိုရေးပါ။

○ **၂ခုနှင့်အထက် များသော အလုပ်နေရာများတွင် အလုပ်လုပ်နေသူ**များသည် အလုပ်လုပ်သည့်အချိန်အကြာဆုံး အလုပ်နေရာအမည်ကို ရေးရပါမည်။

○ **စေလွှတ်ဝန်ထမ်း**သည် **စေလွှတ်သည့်နေရာအမည်**ကို ရေးရပါမည်။

## 15 အလုပ်အမျိုးအစား

- အဆိုပါ အလုပ်နေရာတွင် **အဓိက ဆောင်ရွက်နေသော လုပ်ငန်းအကြောင်းအရာ**ကို ကျေးဇူးပြု၍ ရေးပေးပါ။
- အဓိကထုတ်ကုန်၊ကုန်ပစ္စည်းနှင့်ဆားဗစ်အမျိုးအစား၊ ထုတ်လုပ်ခြင်းနှင့်ပြင်ဆင်ခြင်းကိုခွဲခြား၍၊ လက်ကား၊ လက်လီကိုခွဲခြား၍ရှင်းရှင်းလင်းလင်းရေးသားဖြည့်စွက်ပါ။

○ **အဆိုပါ အလုပ်နေရာတွင် အမျိုးအစား၂ခုနှင့်အထက် မတူညီသောလုပ်ငန်းကို လုပ်ဆောင်နေလျှင်**၊ အဓိကလုပ်ငန်း အကြောင်းအရာတစ်ခုတည်းကိုသာ ရေးရပါမည်။

○ **ထုတ်လုပ်သည့်ပစ္စည်းကို ထိုနေရာတွင်သာမာန်ပြည်သူများသို့ လက်လီရောင်းနေလျှင်** 「○○ထုတ်လုပ်ခြင်းလက်လီအရောင်း」 ဟုဖြည့်စွက်ပါ။

○ **စေလွှတ်ဝန်ထမ်း**သည် **စေလွှတ်သည့်နေရာ**၏လုပ်ငန်းအကြောင်းအရာကိုရေးရပါမည်။

## 16 အလုပ်အမျိုးအစား

○ အဆိုပါ အလုပ်နေရာတွင် **ကာယကံရှင်မှ အမှန်တကယ် လုပ်ဆောင်နေသောအဓိကအလုပ်အကြောင်းအရာ**ကို ကျေးဇူးပြု၍ ရေးပေးပါ။

○ 「ရှယ်ယာစီစစ်သူ」, 「နိုင်ငံတကာရှေ့နေ」, 「ဒီဇိုင်းဆွဲသူ」 စသည်ဖြင့် **အလုပ်အကြောင်းအရာကို လုံလုံလောက်လောက်ဖော်ပြနိုင်သောအမည်ရှိလျှင်** ထိုအမည်ကိုဖြည့်စွက်ပါ။

○ **အမျိုးအစား ၂ခုနှင့်အထက် မတူညီသော အလုပ်ကို လုပ်ကိုင်နေသောသူ**သည် အလုပ်လုပ်ချိန်အကြာဆုံး အလုပ်နေရာ၏ အလုပ်အကြောင်းအရာတစ်ခုတည်းကိုသာ ရေးရပါမည်။

- ➢ **စီမံခန့်ခွဲရေး၊ အရောင်းစသည့်အလုပ်များအပြင်၊ ချက်ပြုတ်ခြင်း၊ ထုတ်လုပ်ခြင်း၊ စက်ပြင်ခြင်း စသည်ဖြင့် နည်းပညာဆိုင်ရာ၊ အတတ်ပညာဆိုင်ရာအလုပ်ကိုလုပ်ကိုင်နေသောသူများ**သည် နည်းပညာဆိုင်ရာ၊ အတတ်ပညာဆိုင်ရာအလုပ်ကိုရေးရမည်။

  ဥပမာ– ဥပဒေရုံးကိုဖွင့်လှစ်သူနှင့်ရှေ့နေ ············ ရှေ့နေ
  စားသောက်ဆိုင်ဖွင့်ခြင်းနှင့်စာဖိုးမှူး ·········စားဖိုမှူး

○ **စေလွှတ်ဝန်ထမ်း**သည် **စေလွှတ်သည့်နေရာ**တွင် မိမိကိုယ်တိုင်အမှန်တကယ်လုပ်နေသော အလုပ်အကြောင်းအရာကို ရေးရပါမည်။

## 15 နှင့် 16 ၏ဥပမာ

〔ဥပမာ ၁〕 ကုန်ထုတ်လုပ်ငန်း

| | | |
|---|---|---|
| နံပါတ်15 | လုပ်ငန်း၏အမည် | အအိုးဗိုးရကားကုမ္ပဏီ<br>နံပတ် ၁ စက်ရုံ |
| | လုပ်ငန်းအမျိုးအစား | ဂီယာအုံထုတ်လုပ်ခြင်း |
| နံပါတ်16 | အလုပ်အမျိုးအစား | ဂီယာအုံတတ်ဆင်ခြင်း |

〔ဥပမာ ၂〕 အကျိုးဆောင်

| | | |
|---|---|---|
| နံပါတ်15 | လုပ်ငန်း၏အမည် | (အစုစပ်) ဘက်စုံကြည့်ရှုစောင့်ရှောက်ရေးဌာန |
| | လုပ်ငန်းအမျိုးအစား | အသက်ကြီးသူ၏အိမ်သို့သွားရောက်၍ရေချိုးပေးခြင်း၊<br>အစားအစာကျွေးခြင်းများကိုပြုလုပ်ခြင်း |
| နံပါတ်16 | အလုပ်အမျိုးအစား | အသက်ကြီးသူကိုပြုစုစောင့်ရှောက်သူ |

〔ဥပမာ ၃〕 အရောင်း

| | | |
|---|---|---|
| နံပါတ်15 | လုပ်ငန်း၏အမည် | ရိုကသွင်းကုန်ထုတ်ကုန်ကုမ္ပဏီ |
| | လုပ်ငန်းအမျိုးအစား | အနောက်တိုင်းအရက်လက်ကားရောင်းခြင်း |
| နံပါတ်16 | အလုပ်အမျိုးအစား | ကုန်ပစ္စည်းအဝယ်တော် |

စစ်တမ်းနှင့်ပတ်သက်၍နားမလည်သည့်အရာရှိလျှင်အောက်ပါလိပ်စာသို့ဆက်သွယ်ပါ။

| |
|---|
| မြို့ရပ်ကွက်မြို့နယ်ကျေးရွာ၏ဆက်သွယ်ရန်လိပ်စာ |